# မြန်မာနိုင်ငံအတွင်း ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု

**The Asia Foundation**
Improving Lives, Expanding Opportunities

**Australian Department of Foreign Affairs and Trade မှ ရန်ပုံငွေပံ့ပိုးမှုဖြင့် အာရှဖောင်ဒေးရှင်း၊ VNG International နှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း - စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ တို့မှ ဆောင်ရွက်ခဲ့သော သင်တန်းလိုအပ်ချက်များဆန်းစစ်ခြင်းနှင့် ကနဦးသင်တန်းပေးခြင်းတို့မှ လေ့လာတွေ့ရှိ ချက်များ။**

မကြာသေးမီနှစ်များမှစ၍ မြန်မာနိုင်ငံတွင်ဆောင်ရွက်ခဲ့သော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု (Public Financial Management - PFM) အပေါ် ကြီးမားသော အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်များကြောင့် အစဉ်အဆက်ကျင့်သုံးခဲ့သော စနစ်ဖြစ်သည့် ဘတ်ဂျက်လိုငွေများကို ပြည်ထောင်စုအဆင့် စာရင်းတွင် ဖော်ပြသည့်စနစ်မှနေ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများအနေဖြင့် ဒေသတွင်းဝင်ငွေထွက်ငွေကို အခြေပြုကာ မိမိတို့၏ဦးစားပေးများနှင့် အသုံးစရိတ်မျှချေများကို တွက်ချက်ရသည့်စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ ထိုသို့ပြောင်းလဲကျင့်သုံးရာတွင် ဒေသန္တရအဆင့် (ပြည်နယ်နှင့် တိုင်းဒေသကြီးများအဆင့်မှစ၍) ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ကြိုတင် လျာထားခြင်းစသည်တို့ကို ဆောင်ရွက်ရသော တာဝန်ရှိသူများအနေဖြင့် နည်းပညာရပ်ဆိုင်ရာစွမ်းဆောင်ရည်များအပြင် စဉ်းစားဆုံးဖြတ်ဆောင်ရွက်ပုံ (mind-set) များကိုပါ ပြုပြင်ပြောင်းလဲနိုင်ရန်လိုအပ်လာပါသည်။ ယခုလုပ်ငန်းအစီအစဉ် အကျဉ်းချုပ်တွင် သင်တန်းလိုအပ်ချက်ဆန်းစစ်မှု၊ သင်တန်းအစီအစဉ်များ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု (PFM) ဆိုင်ရာ အဓိကစွမ်းဆောင်ရည်ပိုင်းလိုအပ်ချက်များကို ဖော်ပြထားပြီး ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သော ရှေ့လုပ်ငန်းစဉ်များအတွက် သင့်လျော်သော အကြံပြုချက်များကို တင်ပြထားပါသည်။






၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲခြင်း၊ ဘတ်ဂျက်ကြိုတင်လျာထားခြင်း စသောကဏ္ဍများကို ပြည်ထောင်စုအဆင့်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များသို့ လွှဲပြောင်းပေးသည့် ဘဏ္ဍာရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းလုပ်ငန်းစဉ်များကို စတင်မိတ်ဆက်ပေးခဲ့သည်။ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် မိမိတို့၏ဘတ်ဂျက်ကို ကိုယ်တိုင်ရေးဆွဲကြရပြီး သက်ဆိုင်ရာ ဒေသအတွင်းရှိ အခွန်ဘဏ္ဍာငွေများကိုလည်း ကောက်ခံရန် လုပ်ပိုင်ခွင့်အချို့ ရှိလာကြသည်။ တဆက်တည်းမှာပင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်များမှာလည်း ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအစိုးရအသုံးစရိတ်၏ ၄ ရာခိုင်နှုန်းခန့် ရှိခဲ့ရာမှ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ၁၂ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာခဲ့သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ ရေးဆွဲသတ်မှတ်ရာတွင် ဥပဒေအရ လုပ်ပိုင်ခွင့်အပြည့်အဝရှိကြသော်လည်း လက်တွေ့ဘတ်ဂျက်သုံးစွဲနိုင်မှုမှာမူ ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်၏ ဆုံးဖြတ်ချက်အတိုင်းသာ ဖြစ်သည်။ ပြည်နယ်၊ တိုင်းဒေသကြီးများအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်မှ မည်ရွေ့မည်မျှကိုခွဲဝေရရှိမည်ကို ၎င်းကော်မရှင်က နောက်ဆုံးအဆုံးအဖြတ်ပေးပြီး၊ ထိုဆုံးဖြတ်ချက်

**မြန်မာနိုင်ငံအတွင်း ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု**

၂၀၁၄ ခုနှစ် မေလအတွင်း ဆောင်ရွက်ခဲ့သော သင်တန်းလိုအပ်ချက်ဆန်းစစ်မှုတွင် သက်ဆိုင်ရာ ကဏ္ဍနှင့် ပတ်သက်သော သုတေသန အစီရင်ခံ စာများ၊ စာတမ်း အထောက်အထားများကို လေ့လာသုံးသပ်ခြင်း၊ ပြည်နယ်နှင့် တိုင်း ဒေသကြီးအစိုးရအရာရှိများ၊ သက်ဆိုင် ပတ်သက်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘတ်ဂျက်ဆိုင်ရာအရာရှိများနှင့် အလုပ်သဘောဆွေးနွေးပွဲ များ ပြုလုပ်ခြင်းတို့ ပါဝင်သည်။

ကနဦးသင်တန်းပို့ချမှုအစီအစဉ်ကို လိုအပ်ချက်ဆန်းစစ်မှု လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ ဖော်ဆောင်ထားပြီး အရေးပါသော နယ်ပယ်ကဏ္ဍငါးခုတွင် တတ်ကျွမ်းနားလည်မှုများ တိုးတက်ရေးကို ရည်ရွယ်ပြီး ဆောင်ရွက်သည်။

ချမှတ်သည့်လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိယုံမျှမက ခေတ်မမီဘဲဟောင်းနွမ်းသော စံချိန်စံညွှန်းများကို အသုံးပြုခြင်းလည်းမရှိပေ။ မူဝါဒချမှတ်ခြင်း၊ အခွန်အတုတ် သတ်မှတ်စည်းကြပ်ခြင်း၊ အစိုးရရန်ပုံငွေများကောက်ခံခြင်းစသော လုပ်ငန်းစဉ်တစ်ခုလုံးသည်လည်း ပြီးပြည့်စုံခြင်းမရှိသေးပဲ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်သည့် နေရာများစွာရှိနေသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ထပ်တိုးဘတ်ဂျက်ခေါင်းစဉ်အောက်မှနေ၍ နောက်ထပ်အပိုဆောင်းရန်ပုံငွေများကို တောင်းခံခွင့်ရှိနေခြင်းက တိကျ ခိုင်မာသော ဘတ်ဂျက်ပြင်ဆင်ရေးဆွဲသည့် အလေ့အထထွန်းကားရေးကို အနှောက်အယှက် အဟန့်အတားဖြစ်စေသည်။ စီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသတ်မှတ်ခြင်း လုပ်ငန်းစဉ်များတွင် ပြည်သူများပူးပေါင်းပါဝင်မှုရှိစေရေးမှာလည်း အကောင်အထည် မပေါ်ပဲရှိနေသေးသည်။

လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ စည်းမျဉ်းစည်းကမ်းအများစုမှာ ခေတ်နှင့်မဆီလျော်တော့ကြောင်း လက်ခံထားကြသည်။ မိမိအဖွဲ့အစည်းအတွင်း မည်သည့် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ပေါင်းစပ်ရွေးချယ် အသုံးပြုမည်ဆိုသည်ကို သက်ဆိုင်ရာဘတ်ဂျက်သုံးစွဲသည့် အဖွဲ့အစည်းများရှိ ငွေစာရင်းဌာနများက ဆုံးဖြတ်ကြလေ့ရှိသည်။ ထို့ကြောင့် သဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ တသမတ်တည်းရှိမနေပဲ ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခုအကြား၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုနှင့် တစ်ခုအကြား ကွဲပြားခြားနားမှုများ ရှိနေသည်။ ဘဏ္ဍာရေးကဏ္ဍဗဟိုချုပ်ကိုင်မှု လျှော့ချရေးစနစ်များတွင် စောင့်ကြပ်ထိန်းချုပ်မှုစနစ်များ အားနည်းခြင်း၊ ပြီးပြည့်စုံသော ဘတ်ဂျက်ကိန်းဂဏန်းများ မဖော်ပြနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုအားနည်းခြင်းစသော အကြောင်းများကြောင့် အဂတိလိုက်စားမှုအခြေအနေများ ပေါ်ပေါက်နိုင်ကြောင်း ကမ္ဘာဘဏ်၏ လေ့လာချက်တွင် တွေ့ရှိရသည်။

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ ကနဦး ဆောင်ရွက်ချက်များသည် ပြည်ထောင်စုအဆင့် တစ်ခုတည်းကိုသာ အကန့်အသတ်ဖြင့်ဦးတည် ဆောင်ရွက်နိုင်ပြီး ပြည်နယ်၊ တိုင်းဒေသကြီး အဆင့်များအတွက်မူ ဆောင်ရွက်မှုတစ်စုံတစ်ရာမရှိခဲ့ပေ။ အစိုးရ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးအစီအစဉ်အတွက် မည်သို့သော နည်းပညာဆိုင်ရာ အထောက်အကူများ လိုအပ်သည်ဆိုသည်ကို ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအနေနှင့် အကန့်အသတ်ဖြင့်သာ နားလည်ခဲ့သည့် အခြေအနေများလည်း ရှိခဲ့သည်။ လတ်တလော ဆောင်ရွက်ခဲ့သော သုတေသနများနှင့် အစီရင်ခံစာများအရလည်းကောင်း၊ အာရှဖောင်ဒေးရှင်း၊ VNG International နှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း - စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှဆောင်ရွက်ခဲ့သော ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများအရလည်းကောင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စွမ်းဆောင်ရည်မြှင့်တင်မှု လိုအပ်ချက်နှင့်လိုလားချက်ကြီးမားစွာရှိနေကြောင်း ရှင်းလင်းစွာသိရှိရပါသည်။



ဒေသန္တရအစိုးရအဆင့် အုပ်ချုပ်မှုစနစ်နှင့် ဘဏ္ဍာရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့တွင် မူဝါဒရေးရာ အထောက်အကူပြုရန် ရည်ရွယ်သော သုတေသနများကို အာရှဖောင်ဒေးရှင်းနှင့် MDRI-CESD တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်း အခြေခံများအပေါ်မူတည်ပြီး ဖောင်ဒေးရှင်းနှင့် MDRI-CESD တို့သည် ဒေသန္တရအစိုးရများစွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများတွင် နည်းပညာနှင့် နိုင်ငံတကာအတွေ့အကြုံများစွာရှိသော VNG International နှင့်ပူးပေါင်းကာ ပြည်နယ်နှင့် တိုင်းဒေသကြီး လေးခုတို့တွင် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ သုံးရက်သင်တန်းများ ဒီဇိုင်းရေးဆွဲဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

## လိုအပ်ချက်ဆန်းစစ်မှုနှင့် သင်တန်းအစီအစဉ် ဒီဇိုင်းရေးဆွဲခြင်း

၂၀၁၄ ခုနှစ်မေလအတွင်းတွင်ဆောင်ရွက်ခဲ့သော လိုအပ်ချက်ဆန်းစစ်မှုသင်တန်းတွင် သက်ဆိုင်ရာကဏ္ဍနှင့် ပတ်သက်သော သုတေသနအစီရင်ခံစာများ၊ စာတမ်းအထောက်အထားများကို လေ့လာသုံးသပ်ခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအရာရှိများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘတ်ဂျက်ဆိုင်ရာအရာရှိများနှင့် အလုပ်သဘောဆွေးနွေးပွဲများကျင်းပခြင်းတို့ပါဝင်သည်။ ထိုဆန်းစစ်လေ့လာမှုမှရရှိသော တွေ့ရှိချက်များကိုအခြေခံပြီး ကနဦးသင်တန်း အစီအစဉ်ကို ရေးဆွဲခဲ့သည်။ ယင်းအစီအစဉ်တွင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၏ အဓိကကျသော ကဏ္ဍခွဲကြီးငါးခုဖြစ်သည့် (၁) ဘဏ္ဍာရေးရှုထောင့်မှ အစိုးရ၏ ဝိသေသလက္ခဏာများ၊ (၂) ဘဏ္ဍာရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊ (၃) မဟာဗျူဟာ ဦးစားပေးကဏ္ဍ သတ်မှတ်ခြင်း၊ (၄) အခွန်ဘဏ္ဍာကောက်ခံခြင်းနှင့် (၅) ရလာဒ်အခြေပြု ဘတ်ဂျက်ရေးဆွဲခြင်း တို့နှင့်ပတ်သက်သော သိနားလည်မှုများတိုးမြင့်စေရန်အတွက် ကျယ်ပြန့်သော ဦးတည်ချက်သတ်မှတ်ထားရှိခဲ့သည်။

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုသင်တန်းများကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ဆောင်ရွက်ခဲ့သည်။ သင်တန်းတွင် အဓိကဆွေးနွေးခဲ့သည့် အကြောင်းအရာတစ်ခုချင်းစီအတွက် ဥရောပသမဂ္ဂနိုင်ငံများမှ အကောင်းဆုံးလုပ်ထုံးလုပ် နည်းများကို မိတ်ဆက်ပြီး မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ပုံစံများနှင့် ဆက်စပ်ဆွေးနွေးခဲ့သည်။ ထို့နောက် သင်တန်းတက်ရောက်လာသူများထံမှ မေးခွန်းများအတွက် အချိန်ပေးပြီးနောက် သင်တန်းသားများကို အုပ်စုဖွဲ့၍ ဥရောပမှ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် မြန်မာနိုင်ငံတွင် လက်တွေ့ကျင့်သုံးဆောင်ရွက်နေသည်များကို နှိုင်းယှဉ်သည့် တင်ပြမှုများကို ပြုလုပ်စေသည်။

သင်တန်းသားများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများမှ အမည်စာရင်းတင်သွင်းပေး ခြင်းဖြစ်သည်။ အထူးသဖြင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် အခွန်ဘဏ္ဍာကောက်ခံခြင်းတို့တွင် တာဝန်ရှိသော ဝန်ထမ်းများကို ဦးတည် ရွေးချယ်ခြင်းဖြစ်သည်။ သင်တန်းများကို ရှမ်းပြည်နယ်၊ တနင်္သာရီ၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများတွင် ပို့ချခဲ့ပြီး သင်တန်းများမှ တွေ့ရှိချက်များသည် ကနဦးလေ့လာဆန်းစစ်ချက်မှ တွေ့ရှိချက်များကို ထပ်ဆောင်းအတည်ပြုပေးခဲ့ကာ ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထူးလိုအပ်နေသော နယ်ပယ်များကို အကျယ်အပြန့်သတ်မှတ် ဖော်ထုတ်နိုင်ခဲ့သည်။

## အဓိက လေ့လာတွေ့ရှိချက်များ

**မြန်မာနိုင်ငံ၏ ဘတ်ဂျက်ရေးဆွဲမှုစက်ဝန်းသည် အစိုးရဝင်ငွေထွက်ငွေ ထိန်းချုပ်မှုတစ်ခုတည်းကိုသာ လုံးလုံးလျားလျား ဦးတည်ထားသည်ကိုတွေ့ရပြီး အခြားအဓိကကျသည့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာနည်းလမ်းများဖြစ်သော မဟာဗျူဟာ စီမံကိန်းရေးဆွဲခြင်း၊ (သက်ဆိုင်ရာ ဘတ်ဂျက်နှစ်တစ်ခုတည်းအတွက် မဟုတ်ပဲ) အလယ်အလတ်ကာလ အတိုင်းအတာတစ်ခုအတွက် ဘတ်ဂျက်မူဘောင်ရေးဆွဲခြင်း (Medium Term Budget Framework)၊ (သက်ဆိုင်ရာ ကဏ္ဍတစ်ခုအတွက်) နှစ်စဉ်ဘတ်ဂျက်ကို နှစ်များစွာအတွက် တွက်ချက်ခြင်း (Multi-annual Budget) စသည်တို့ကို လုံးဝနီးပါး ဆောင်ရွက်နိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရသည်။**

ထိရောက်သော ဘတ်ဂျက်စက်ဝန်းတစ်ခုသည် မူဝါဒရေးရာ ရည်မှန်းချက်တစ်ခုကို မဟာဗျူဟာအစီအစဉ် (Stratgic Plan) အဖြစ် ပြောင်းလဲပေးပြီး၊ ယင်းကို အလယ်အလတ်ကာလ ဘတ်ဂျက်မူဘောင်အဖြစ် ရေးဆွဲဖော်ထုတ်သည်။ ထိုမှတစ်ဆင့် တစ်နှစ်ထက်ပိုသော နှစ်စဉ်ဘတ်ဂျက်များ (Multi-annual Budget) ကို တွက်ချက်ကြခြင်းဖြစ်သည်။ ဘတ်ဂျက်ဖွင့်ဆိုရှင်းပြမှုအပိုင်း (Narrative) တွင်လည်း မူဝါဒဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ၊ အကောင်အထည် ဖော်ဆောင်မည့် လုပ်ငန်းရပ်များ၊ မျှော်မှန်း ထွက်အားစု/ရလာဒ်များ၊ သက်ဆိုင်ရာမူဝါဒပန်းတိုင်ကိုရောက်ရှိရန်အတွက် အောင်မြင်မှုပမာဏကိုတိုင်းတာမည့် အတိုင်းအတာများစသည်တို့ကို ဖော်ပြလေ့ရှိသည်။ အဆိုပါ စီမံကိန်းရေးဆွဲသော နည်းလမ်းများမှာ မြန်မာနိုင်ငံ၏ ဘတ်ဂျက်ရေးဆွဲ၊ အကောင်အထည်ဖော်မှုစက်ဝန်းတွင် ပျောက်ဆုံးနေသော အစိတ်အပိုင်းများဖြစ်ကြသည်။

အခြားတစ်ဖက်တွင်မူ အစိုးရဝင်ငွေ၊ ထွက်ငွေထိန်းချုပ်မှု (Financial Control) အပိုင်း၌ အထူးသဖြင့် အသေးစိတ်ငွေပေး၊ ငွေယူအဆင့်များတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းမှတ်တမ်းများကောင်းစွာဖွံ့ဖြိုးပြီး ကျင့်သုံးနေသည်ကို တွေ့ရမည်။ သို့ရာတွင် သတင်းအချက်အလက်ရရှိနိုင်မှုအကန့်အသတ်ကြောင့် စီမံကိန်းများ၏ အသုံးစရိတ်ထိန်းချုပ်နိုင်မှုအပိုင်းတွင်မူ အားနည်းနေသေးသည်ကိုတွေ့ရသည်။ ရလာဒ်အနေဖြင့် လက်ရှိကျင့်သုံးနေသော ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်မှုစက်ဝန်းတစ်ခုလုံးသည် ဝင်ငွေ၊ ထွက်ငွေထိန်းချုပ်သည့် အဆင့်၌သာ လုံးလုံးလျားလျားနီးပါးရှိနေသေးပြီး၊ မူဝါဒအခြေပြုဘတ်ဂျက်ရေးဆွဲခြင်း၊ ဝန်ဆောင်မှုများအတွက် ရန်ပုံငွေကိုအကျိုးအရှိဆုံးသုံးစွဲနိုင်စေရန် ထိန်းကျောင်းခြင်းစသည်တို့ကို ဦးတည်နိုင်မှုလုံးဝမရှိ သို့မဟုတ် မဆိုစလောက်သာရှိနေသည်။



သင်တန်းသားများသည်လည်း ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး အဓိကကျသည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ကြိုတင်သိရှိနားလည်ထားခြင်းအလွန်နည်းပါးသည်။ သို့ရာတွင် မဟာဗျူဟာဦးစား ပေးများသတ်မှတ်ခြင်းကဲ့သို့သော အကြောင်းအရာများ၌ စိတ်ပါဝင်စားမှုနှင့် လိုက်ပါဆောင်ရွက်မှုအလွန် မြင့်မားသည်ကိုတွေ့ရသည်။ ထိုအပိုင်းတွင် အုပ်စုဖွဲ့ဆောင်ရွက်ရသော လေ့ကျင့်ခန်းများကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြီး သင်တန်းနည်းပြများ၏ ပံ့ပိုးမှုဖြင့် သင်တန်းသားများသည် သက်ဆိုင်ရာအုပ်စုအလိုက် ရွေးချယ်ထားသော ဝန်ကြီးဌာန (သို့မဟုတ်) ဌာနအတွက် မဟာဗျူဟာစီမံကိန်းကို အဆင့်အလိုက်လေ့လာဆန်းစစ် ပြီးရေးဆွဲကြရသည်။ SWOT လေ့လာဆန်းစစ်မှု၊ အရေးကြီးသော ကိစ္စရပ်များဖော်ထုတ်ခြင်းနှင့် ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ အရေးကြီး ကိစ္စရပ်များကို မဟာဗျူဟာဦးတည်ချက်များအဖြစ်ပြောင်းလဲဖော်ထုတ်ခြင်း၊ သတ်မှတ်ထားသော ဦးတည်ချက်အတွက် ရည်မှန်းချက်ပန်းတိုင်များနှင့် လုပ်ငန်းစဉ်များရေးဆွဲသတ်မှတ်ခြင်းစသည်တို့ကို အဆင့်အလိုက်ဆောင်ရွက်ကြရသည်။ သင်တန်းသားများက မဟာဗျူဟာဦးစားပေး များသတ်မှတ်သည့်အဆင့်ကို သင်တန်း၏အသုံးအဝင်ဆုံးအပိုင်းအဖြစ် တက်ရောက်လာသူအတော်များများက အကဲဖြတ်ချက်ပေးကြသည်။ သို့ရာတွင် ရလာဒ်အခြေပြုဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပတ်သက်သောအပိုင်းတွင်မူ မြန်မာနိုင်ငံ၏ လက်ရှိဘတ်ဂျက်စနစ်အပေါ် ဝေဖန်သုံးသပ်သည့်လေ့ကျင့်ခန်း၌ သင်တန်းသားများထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မှု အလွန်နည်းပါးသည်။ အကြောင်းမှာ ရလာဒ်အခြေပြုဘတ်ဂျက်စနစ်ကို စီမံကိန်း လုပ်ငန်းအခြေပြုဘတ်ဂျက်ရေးဆွဲခြင်း၏ အဓိကအချက်များနှင့် နှိုင်းယှဉ်ဆွေးနွေးသောကြောင့်ဖြစ်သည်။

**ဘဏ္ဍာရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်းအကြား ဘဏ္ဍာရေးကဏ္ဍ ဆက်နွှယ်ပတ်သက်မှု၊ မျှတသော ထောက်ပံ့ငွေခွဲဝေမှုဆိုင်ရာ နိယာမများစသည်တို့နှင့်ပတ်သက်သည့် နားလည်မှုမှာ အလွန်နည်းပါးကြောင်း သို့မဟုတ် လုံးဝရှိမနေကြောင်း တွေ့ရသည်။** ဆန်းစစ်မှုအတွက် တွေ့ဆုံမေးမြန်းခဲ့သော အစိုးရအရာရှိများသည် အစိုးရအဖွဲ့အစည်းချင်း ဘဏ္ဍာရေးဆိုင်ရာဆက်နွှယ်မှုကို လုံးဝ နားမလည် (သို့မဟုတ်) မဆိုစလောက်သာနားလည်သည်ကိုတွေ့ရှိရသည်။ မည်သည့်အရာရှိကမှ လက်ရှိကျင့်သုံးနေသော စနစ်သည် စိုးရိမ်ပူပန်စရာကောင်းကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ လက်ရှိစနစ်မှာ ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်က ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ခွဲဝေပေးမည့် ဘတ်ဂျက်ပမာဏကို နစ်စဉ်ဆုံးဖြတ်ပေးသောစနစ်ဖြစ်သည်။ ထိုလက်ရှိစနစ်ကို ပိုမိုဓမ္မဓိဋ္ဌာန်ကျစေရန်၊ ပွင့်လင်းမြင်သာစေရန်နှင့် ကြိုတင်ခန့်မှန်းရပိုမိုလွယ်ကူစေရန် ပြုပြင်ပြောင်းလဲမှုများလုပ်ရန်လိုကြောင်းကို လည်း မည်သူတစ်ဦးတစ်ယောက်ကမှ ထည့်သွင်းစဉ်းစားထားခြင်းမရှိပေ။

သင်တန်းသားများသည် ဘဏ္ဍာရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအကြောင်းအရာနှင့်ပတ်သက်ပြီး သိနားလည်မှုတွင် လည်းကောင်း၊ လက်တွေ့ပါဝင်ဆောင်ရွက်နိုင်စွမ်းတွင်လည်းကောင်း အလွန်နိမ့်ကျနေသည်ကို တွေ့ရသည်။ သင်တန်းသားများသည် ဒေါင်လိုက်ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအတွက် ရန်ပုံငွေမည်ရွေ့မည်မျှ ခွဲဝေချထားပေးမည်ကိုဆုံးဖြတ်ရာတွင် ဓမ္မဓိဋ္ဌာန်ကျပြီး ပွင့်လင်းမြင်သာသောစနစ်တစ်ခုထားရှိရန်အရေးကြီးကြောင်းကိုမူ နားလည်သဘောပေါက်ကြသည်။ အလျားလိုက်ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့်ပတ်သက်၍မူ ပုဂ္ဂိုလ်ရေးနှင့် နိုင်ငံရေးအရပတ်သက်မှုများ၏ ဩဇာလွှမ်းမှုကို လျှော့ချပစ်နိုင်ရန်အတွက် ဓမ္မဓိဋ္ဌာန်ကျပြီး ပွင့်လင်းမြင်သာသော ရန်ပုံငွေခွဲဝေသည့်စနစ်တစ်ခုလိုအပ်ကြောင်း သင်တန်းသားအများစုက နားလည်သဘောပေါက်ခြင်းမရှိပေ။ တိတိကျကျဆိုရသော် သင်တန်းသားများသည် လက်ရှိကျင့်သုံးနေသော ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်မှ ပြည်နယ်၊

တိုင်းဒေသကြီးများသို့ ရန်ပုံငွေသတ်မှတ်ချထားပေးသော စနစ်နှင့် ဓမ္မဓိဌာန်ကျပြီး ပွင့်လင်းမြင်သာသော ပုံသေနည်းအခြေခံစနစ် တို့အကြား ကွဲပြားခြားနားချက်များကို အယူအဆအားဖြင့်နားလည်နိုင်ခြင်းမရှိသည့်အချက်မှာ ထင်ရှားသည်။

**ဒေသန္တရအခွန်ကောက်ခံသည့်မူဝါဒနှင့် စနစ်များမှာ ဖွံ့ဖြိုးမှုအလွန်နောက်ကျနေသေးပြီး ပြည်နယ်နှင့်တိုင်း ဒေသကြီးများတွင် သက်ဆိုင်ရာဒေသတွင်းမှ အခွန်ဘဏ္ဍာငွေကောက်ခံရရှိမှု တိုးတက်လာအောင် ဆောင်ရွက်ရန်အတွက် မက်လုံးလည်းရှိမနေပေ။** ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအရ အခွန်ကောက်ခံပိုင်ခွင့် အခွင့်အာဏာကို အစိုးရအဖွဲ့အစည်းအဆင့်ဆင့်သို့ ခွဲဝေသတ်မှတ်ပေးထား သော်လည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ ကောက်ခံခွင့်ရရှိသော အခွန်ငွေအမျိုးအစားနှင့် အတိုင်းအတာပမာဏကို အတိအကျ သတ်မှတ်ပေးထားသည့် ဥပဒေကြောင်းဆိုင်ရာ မူဘောင်များရှိမနေပေ။ ထို့အပြင် ယခုလေ့လာဆန်းစစ်မှုတွင် ဒေသန္တရအခွန်ဘဏ္ဍာ ငွေကောက်ခံမှုများ၏ ထိရောက်မှုပမာဏကို လေ့လာဖော်ထုတ်ရန်မဖြစ်နိုင်သော်လည်း ယခင်သုတေသနများအရ ဒေသန္တရ အခွန် ကောက်ခံသည့်မူဝါဒနှင့် စနစ်များဖွံ့ဖြိုးမှုအလွန်နိမ့်ကျနေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အနေနှင့်လည်း လိုငွေအခြေပြု ဘတ်ဂျက်နှင့် အသုံးစရိတ်ကျော်လွန်သုံးစွဲမှုများ၊ အခွန်ဘဏ္ဍာငွေ လျာထားချက် မပြည့်မီမှုများကို ကာမိစေရန် နှစ်လယ်ထပ်တိုး ဘတ်ဂျက်များကို တောင်းခံရရှိနေသည့်ကာလပတ်လုံး ဒေသတွင်းမှ အခွန်ဘဏ္ဍာ ကောက်ခံမှုအခြေခံ ကို တိုးတက်အောင် ဆောင်ရွက်လိုသည့် မက်လုံးမရှိပဲဖြစ်နေမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ ဒေသတွင်းအခွန်ဘဏ္ဍာငွေကောက်ခံမှုကို ရှေ့တန်းမတင်သည့်အချက်ကို သင်တန်းတွင် လည်းတွေ့ရှိရသည်။ မည်သည့်ပြည်နယ်နှင့်တိုင်းဒေသကြီးကမှ အခွန်ကောက်ခံရေးဆိုင်ရာ အရာရှိများကို သင်တန်းသို့ စေလွှတ်ခြင်း မရှိပေ။ သို့ရာတွင် အောက်ခြေသို့ လုပ်ပိုင်ခွင့်ခွဲပေးထားသော ပြည်ထောင်စုအခွန်ဌာနများမှ ကိုယ်စားလှယ်အများအပြားမှာမူ သင်တန်းသို့တက်ရောက်ကြသည်။ သင်တန်းသားများသည် အခွန်ကောက်ခံခြင်းအကြောင်းအရာနှင့်ပတ်သက်ပြီး သိသိသာသာ စိတ်ပါဝင်စားမှုပြကြပြီး အမေးအဖြေကဏ္ဍမှာ အသက်ဝင် ရှည်လျားသော်လည်း အဓိကမေးခွန်းများမှာ ပြည်ထောင်စုအဆင့်မှ အခွန် ဘဏ္ဍာကောက်ယူခြင်းလုပ်ငန်းများနှင့် ထိုအခွန်ဘဏ္ဍာများကို အခြားနိုင်ငံများတွင် မည်သို့စီမံခန့်ခွဲသည်ကို မေးခြင်းသာဖြစ်သည်။ သို့ရာတွင် ထိုသင်တန်းအပိုင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အခွန်ဘဏ္ဍာကောက်ခံမှု တိုးတက်ကောင်းမွန်စေရေးနှင့်သက်ဆိုင်သော မေးခွန်းတစ်ခုတစ်လေမျှပင် မေးမြန်းခဲ့ခြင်းမရှိပေ။

## အဓိကအကြံပြုချက်များ

လေ့လာဆန်းစစ်မှုနှင့် ကနဦးသင်တန်းပေးမှုအစီအစဉ်များမှ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်နှစ်ခု စလုံး အတွက် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်သည့် အဓိကနေရာများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ယေဘုယျဆို ရသော် ပြည်ထောင်စုအနေနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအတွက် အင်စတီကျူးရှင်းဆိုင်ရာ ဥပဒေမူဘောင်ကို ပိုမိုကောင်းမွန်၊ ရှင်းလင်းအောင်ဆောင်ရွက်ရန်လိုသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက်မူ ဦးစားပေးကဏ္ဍများသတ်မှတ်ခြင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် ဒေသတွင်းအခွန်ဘဏ္ဍာကောက်ခံရရှိမှုများ ပိုမိုတိုးတက်စေရန်အတွက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် အစီအမံများ ကို မိတ်ဆက်ပေးရန်လိုသည်။

**ဆင့်ပွားသုတေသနများဆောင်ရွက်ခြင်း**-ယခုဆန်းစစ်မှုသည် လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးစီမံခန့်ခွဲမှုနည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို ပိုမိုနားလည်သဘောပေါက်စေသော်လည်း ဆင့်ပွားသုတေသနများနှင့် အသေးစိတ်လေ့လာဆန်းစစ်မှုများ ထပ်မံပြု လုပ်ရန်လည်းလိုအပ်နေပါသည်။
ဆင့်ပွားသုတေသနပြုရန်လိုအပ်နေသော နယ်ပယ်နှစ်ခုမှာ လက်ရှိအခွန်ဘဏ္ဍာကောက်ခံမှု၏ ထိရောက်မှုနှင့် ပြည်နယ်၊ တိုင်းဒေသ ကြီးအဆင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေမူဘောင်များ သင့်လျော်မှုရှိမရှိ တို့ဖြစ်သည်။

အခွန်ဘဏ္ဍာကောက်ခံမှု၏ ထိရောက်မှုကိုဆန်းစစ်သော သုတေသနတွင် အောက်ပါကဏ္ဍများပါဝင်သင့်သည်။ ယင်းတို့မှာ (၁) အဖွဲ့ အစည်းဖွဲ့စည်းမှုနှင့် ဝန်ထမ်းအင်အားအနေအထား (၂) လက်တွေ့ကျင့်သုံးနိုင်သော ဥပဒေမူဘောင်အပေါ် နားလည် သဘော ပေါက်မှု (၃) ပြည့်စုံတိကျသော အခွန်တောင်းခံလွှာများတွက်ချက်နိုင်စွမ်း (၄) ပြည်သူများအကြား အသိပညာပေးခြင်း (၅) သတင်း အချက်အလက်ကောက်ခံခြင်းနှင့် အခွန်ထမ်းစာရင်းပြုစုခြင်း (၆) အခွန်တောင်းခံလွှာများ ပြင်ဆင်ခြင်းနှင့် ပေးပို့ခြင်း (၇) သက်ဆိုင်ရာ အခွန်ပမာဏကို ကောက်ခံခြင်း (၈) အခွန်ထမ်းများ၏ ကန့်ကွက်စောဒကတက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း (၉) အခွန် ထမ်းဆောင်ရန်ပျက်ကွက်သူများ ထံမှ ကျသင့်ကြွေးကျန်ငွေကိုကောက်ခံခြင်း (၁၀) အခွန်ထမ်းဆောင်ထိုက်သော ဝင်ငွေရလမ်း များကိုမှတ်တမ်း တင်ခြင်းနှင့် (၁၁) အစိုးရအဖွဲ့နှင့် လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း တို့ဖြစ်သည်။

**ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲခြင်း (PFM) ၏ အဓိကကျသော အစိတ်အပိုင်းများအကြောင်းကို အသိပညာပေးခြင်း** - ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အစိုးရအဖွဲ့အစည်းအချင်းချင်း အကြား ဘဏ္ဍာရေးဆက်နွယ်မှုဆိုင်ရာ ပုံစံအမျိုးမျိုး၊ အထူးသဖြင့် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသ ကြီးအစိုးရအဖွဲ့အတွင်းရှိ ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရေးအရာရှိများ အကြားဆက်နွယ်မှုများနှင့် ပတ်သက်သည့် အသိပညာများမြင့်မားစေရန် ကူညီဆောင်ရွက်ပေးရမည်။

ထို့အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲရာတွင် (၁) မူဝါဒအခြေခံ မဟာဗျူဟာစီမံကိန်း (၂) အလယ်အလတ်ကာလ ဘတ်ဂျက်မူဘောင် (Medium Term Budget Framework) (၃) တစ်နှစ်ထက်ပိုသော နှစ်စဉ်ဘတ်ဂျက် (Multi-annual Budget) (၄) မဟာဗျူဟာ စီမံကိန်းနှင့် တစ်နှစ်ထက်ပိုသော နှစ်စဉ်ဘတ်ဂျက်ကို ပေါင်းစပ်ပေးသည့်နည်းလမ်းများ စသည်တို့ကို ထိထိရောက်ရောက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးတည်ရမည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အဓိကတာဝန်ရှိသူများအတွက် သင်တန်းများနှင့် အနီးကပ်ပံ့ပိုးကူညီမှု များစီစဉ်ဆောင်ရွက်ပေးခြင်း** - ပြည်ထောင်စုဘဏ္ဍာရေး ကော်မရှင် အပါအဝင် သက်ဆိုင်ရာအဆင့်အားလုံးနှင့် ဘတ်ဂျက်ဆိုင်ရာဆွေးနွေးမှုများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ဝန်ကြီးချုပ် များအပါအဝင် အဓိကတာဝန်ရှိသူများကို သင်တန်းပေးခြင်းနှင့် အနီးကပ်ပံ့ပိုး ကူညီမှုများ စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုသို့သောအစီအစဉ်များသည် နောင်တစ်ချိန်တွင် ပံ့သေနည်းကိုအခြေခံသော အစိုးရအဖွဲ့အစည်းအဆင့်ဆင့်အကြား ဘဏ္ဍာရေးဆိုင်ရာလွှဲပြောင်းစီးဆင်းမှုစနစ်တစ်ခု ဖွံ့ဖြိုးလာစေရေးကို ဦးတည် ပြီးအကောင်အထည်ဖော်ရမည်။ ထိုစနစ်သည် ဓမ္မဓိဋ္ဌာန်ကျ၊ ပွင့်လင်းမြင်သာပြီး တရားမျှတသော စံညွှန်းများ အပေါ်အခြေခံရပေမည်။

အာရှဖောင်ဒေးရှင်းသည် သက်ဝင်လှုပ်ရှားနေသော ဖွံ့ဖြိုးဆဲ အာရှဒေသရှိ လူထုဘဝများကို မြှင့်တင်ပေးရန် ရည်ရွယ်သည့် အမြတ်အစွန်းကို ပဓာနမထားသော နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ဆန်ဖရစ်စကိုတွင် ဌာနချုပ်တည်ရှိပြီး အာရှ ၁၈ နိုင်ငံနှင့် ဝါရှင်တန်ဒီစီတို့၌ ရုံးများ ဖွင့်လှစ် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါ သည်။ အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်မျိုးစလုံးမှ မိတ်ဖက် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပြီးဖောင်ဒေးရှင်း၏ရန်ပုံငွေအနေနှင့် Bilateral နှင့် Multilateral ဖွံ့ဖြိုးရေး အေဂျင်စီများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများနှင့် တသီးပုဂ္ဂလ အလှူရှင်များမှ ရယူသည်။

---

1. ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် တန်းတူညီတူဖြစ်သည်။ ပြည်နယ်များသည် မြန်မာနိုင်ငံနယ်စပ်တလျှောက်ရှိ တိုင်းရင်းသားလူနည်းစုများနေထိုင်ရာ ဒေသများဖြစ်ပြီး တိုင်းဒေသကြီးများမှာမူ 'ဗမာအများစု' နေထိုင်သော ဒေသများဖြစ်သည်။
2. ပြည်ထောင်စုဘတ်ဂျက်ဥပဒေ ၂၀၁၃-၁၄၊ ပြည်ထောင်စုအစိုးရဂေဇက်တွင် ထည့်သွင်းဖော်ပြ
3. World Bank (2013). Republic of the Union of Myanmar, The Public Financial Management Performance Report
4. MDRI-CESD and The Asia Foundation (2013). State and Region Governments in Myanmar

The Asia Foundation

HEADQUARTERS
465 California Street,
9th Floor
San Francisco, CA 94104 USA
Tel: (415) 982-4640
Fax: (415) 392-8863
info@asiafound.org

MYANMAR
No. 21, Bo Yar Zar Street
Ward 14, Kyauk Kone
Yankin Township
Yangon, Myanmar
Tel: + 95 (1) 570 619
Fax: + 95 (1) 566 701

www.asiafoundation.org

10/2014